SHAN HUMAN RIGHTS FOUNDATION

ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင်မှ သတင်းထုတ်ပြန်ချက်

ဇွန်လ ၅ ရက် ၊ ၂၀၁၄

**အချက်အချာကျရာ နယ်စပ်ဒေသကို ထိန်းချုပ်ရန် စစ်ရေးဆိုင်ရာလှုပ်ရှားမှုများပြုလုပ်ရာတွင် မြန်မာစစ်တပ်မှ ဒေသခံပြည်သူများကို ဦးတည်တိုက်ခိုက်မှုများပြုလုပ်လျက်ရှိ**

**( ၂၀၁၄ ဧပြီလ ၁၀ ရက်နေ့ မှ ဇွန်လ ၂ ရက်နေ့ ထိ)**

၂၀၁၄ ဧပြီလ ၁၀ ရက်နေ့တွင် မြန်မာစစ်တပ်မှ တရုတ်ပြည်အနီး ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ် နယ်စပ်ပေါ်ရှိ ကချင်လွတ်လပ်ရေးတပ်မတော် (KIA) ၏ထိန်းချုပ်ရာ နေရာများအားပစ်မှတ်ထား ထိုးစစ်ဆင်တိုက်ခိုက်မှုများ--ကြီးမားကျယ်ပြန့်စွာပြုလုပ်ခဲ့သည်။ ထိုသို့ KIA အား ထိုးစစ်ဆင်တိုက်ခိုက်ရာတွင် နမ့်ခမ်းမြို့နယ် အနောက်ဖက်ရှိ ရှမ်းပြည်သူလူထုများစွာ စိုက်ပျိုးရာလယ်ယာမြေနေရာဖြစ်သည့် ထွန့်လွှိုင်ဟိုဆေ အတွင်းသို့ မြန်မာစစ်တပ်မှ စစ်အင်အား ၁၀၀၀ ခန့်ဝင်ရောက်ကာ ရာနှင့်ချီသည့် မော်တာကျည်များဖြင့် ပစ်ခတ်ခဲ့သည်။ ထိုသို့ ပစ်ခတ်ခဲ့ခြင်းကြောင့် ဘုန်းကြီးကျောင်းများ၊ အိမ်များ၊ ယာဉ်များ ဆိုင်ကယ်များနှင့် အခြားသော ဥစ္စာပစ္စည်းများ ထိခိုက်ဆုံးရှုံးသည့်အပြင် ပြည်သူလူထုများလည်း ထိခိုက်ဒါဏ်ရာရရှိခဲ့ကြသည်။ ထို့အပြင် မြန်မာစစ်တပ်မှ ရွာများ အတွင်းသို့ဝင်ရောက်ကာ အစားအသောက်များ၊ ဥစ္စာပစ္စည်းများ ကိုလုယူစားသောက်ခြင်း နှင့် လယ်သမားများ၏ ကောက်ပဲသီးနှံများကို မီရှို့ဖျက်ဆီးခြင်းများ ပြုလုပ်ခဲ့ရာ ရှမ်း---- ရွာပေါင်း ၁၅ ရွာမှ ရွာသားပေါင်း ၁၀၀၀ ခန့်တို့သည် ရှမ်းပြည်နယ်မြောက်ပိုင်း အတွင်း နီးစပ်ရာမြို့များ နှင့် တရုတ်ပြည်နယ်စပ်အတွင်းသို့ ထွက် ပြေး တိမ်း ရှောင်ခဲ့ကြရသည်။


ထိုသို့ထွက်ပြေးတိမ်းရှောင်ခဲ့ပြီး တစ်ပတ်အကြာ ၄င်းရှမ်းရွာသူရွာသား----များစုမှာ မိမိရွာများ အတွင်းသို့ ပြန်ခဲ့ကြသော်လည်း၊ နယ်စပ် ကူးသန်းရောင်းဝယ်ရေးနှင့် အချက်အချာကျပြီး အမြတ်အစွန်းရနိုင်သည့် ယင်း နေရာဒေသအား မြန်မာစစ်တပ်မှ ထိန်းချုပ်လိုက်သဖြင့် ထိုအချိန်မှစပြီး ဒေသခံပြည်သူများမှာ တင်းကြပ်သည့် ထိန်းချုပ်မှု များ ဖြင့်ရင်ဆိုင်နေကြရသည်။ အဓိကနယ်စပ် ဖြတ်ကျော်ရာနေရာ ဖြစ်သည့် ပန်ခမ်းဂိတ် ကိုလည်း ချဲ့ထွင်ခဲ့ပြီး၊ ယင်းနှင့် ကပ်ရက်တရုတ်ပြည် နယ်စပ်ဖက်ခြမ်းအတွင်း အဂေးပြေးလမ်းမကျယ်ကြီး ကိုလည်း ဆောက်လုပ် လျက်ရှိသည်။ ထို့အပြင် နမ့်ခမ်းမြို့အနီး နယ်စပ်ဖြတ်ကျော်ရာနေရာတွင် တံတား အသစ်ကိုလည်း

ဆောက်လုပ်လျက်ရှိသည်။ ယင်းတိုက်ပွဲနောက်ပိုင်း ကျွန်းသစ်များအား တရုတ်ပြည်အတွင်းသို့ တရားမဝင် ပြန်လည်တင်ပို့ခြင်းများလည်းရှိလာသည်။

ပြီးခဲ့သည့်ဧပြီလ စစ်ဆင်တိုက်ခိုက်ခဲ့ချိန်မှစ၍ နမ့်ခမ်းမြို့နယ်အတွင်း စစ်ဖက်ဆိုင်ရာ လုံခြုံရေးများ တင်းကျပ်စွာ ချထားခဲ့ပြီး မြန်မာစစ်တပ်များမှ အပြစ်မဲ့ဒေသခံပြည်သူများအား ပစ်ခတ်ခဲ့သည့် အဖြစ်အပျက်များလည်းရှိခဲ့သည်။ မကြာသေးခင်က ရွာသား ၅ ဦးသည် နမ့်ခမ်းမြို့အနောက်ဖက်ရှိ တရုတ် ဓါတ်ငွေ့ပိုက်လိုင်းကို စောင့်ကြပ်သည့် မြန်မာစစ်သားများမှ ပစ်ခတ်ခဲ့ခြင်းကြောင့် ထိခိုက်ဒါဏ်ရာ ရရှိခဲ့ကြပြီး၊ ပြီးခဲ့သည့် ရက်သတ္တပတ်ကလည်း နမ့်ခမ်းမြို့အရှေ့ဖက်ရှိ စစ်ဆေးရေး ဂိတ်ကို ဆိုင်ကယ်ဖြင့်ဖြတ်သွားရာ ပစ်ခတ်ခံခဲ့ရခြင်းကြောင့် ဆိုင်ကယ်ပေါ်ပါ အမျိုးသမီးမှာ သေဆုံးသွားခဲ့သည်။

သို့ပါ၍ ပဋိပက္ခကို ပိုမိုကြီးထွားတောက်လောင်စေရုံမျှမက ဒေသခံပြည်သူလူထုများ၏ အသက်ရှင် နေထိုင်မှုအရေး ကို အန္တရာယ်ပြုနေသည့် ဤကဲ့သို့သောစစ်ဆင်တိုက်ခိုက်မှုများအား မြန်မာစစ်တပ်မှ လုပ်ဆောင်နေခြင်း ကို ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင်မှ ပြင်းထန်စွာ ရှုတ်ချလိုက်သည်။

Location of fighting and displacement on Burma-China border, April 2014



**မြန်မာစစ်တပ်မှ ကျူးလွန်နေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများ အသေးစိပ် (ဧပြီလ ၁၀ ရက် နေ့မှ ဇွန်လ ၂ ရက်နေ့အထိ)**

**၂၀၁၄ ဧပြီလ ၁၀ ရက်**

**မော်တာ ----များဖြင့် ပစ်ခတ်ခြင်း နှင့် ရွာသားပိုင် ပစ္စည်းဥစ္စာများ လုယူခြင်းတို့ကြောင့် ရွာသားပေါင်း ၁၀၀၀ ကျော်ခန့် ထွက်ပြေး တိမ်းရှောင်ခဲ့ရ**

စစ်တပ်အင်အား ၁၀၀၀ ခန့်ဖြင့် ခြေလျင်တပ်မ ၈၈ မှ ၄င်းတို့တပ်စွဲရာ မန်စီမြို့နယ် မန်ဂိန်းလုံ

(မန်ဂိန်းကြီး) မြောက်ဖက်သို့ချီတက်ကာ တပ်စွဲရာ ကောင်းခန် မှနေ၍---- တရုတ်ပြည်နယ်စပ်အနီး ပန်ခမ်း တွင်တပ်စွဲ ထားသည့် KIA အား မော်တာလက်နက်များဖြင့်ဦးတည်ပစ်ခတ်ခဲ့သည်။ မော်တာအချက် ၁၀၀ ကျော်ခန့်ကို မနက် ၈ နာရီ ၃၀ မှ ည ၇ နာရီအထိ ပစ်ခတ်ခဲ့သည်။ မော်တာကျည်ဆံများ ကျရောက်ထိမှန်ခဲ့သည့် ရွာများမှာ အောက်ပါရွာများဖြစ်သည်

1. မန်ဇန့်
2. နောင်ကျွမ်း
3. စွန်ခါး
4. နားလုံ
5. ကွတ်လုံ
6. ကွန်းခမ်း
7. ပန်ခမ်း
8. နောင်လွန်း
9. မန်ဆွမ်း

ယင်းကဲ့သို့ပစ်ခတ်ခဲ့ခြင်းကြောင့် (ကချင်ပြည်နယ်) ထွန့်လွယ်ဟိုဆေ ဒေသအတွင်း ရှမ်းရွာ ၁၅ ရွာမှ ရွာသား ၁၀၀၀ ကျော်ခန့်တို့မှာ အနီးရှိ ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့နယ်အတွင်းနှင့် တရုတ်ပြည်နယ်စပ်ဖက်သို့ထွက်ပြေး တိမ်းရှောင်ခဲ့ကြရသည်။ ယင်းသို့ ထွက်ပြေး တိမ်းရှောင် ခဲ့သည့် ရွာများမှာ

1. မန်ဇန့်
2. ဟိုဟင်
3. ကောင်းနောင်
4. ကွန်ကျန်း
5. မန်ဆွမ်း
6. မန်အိုင်တိုင်း
7. နမ့်ဟီး
8. စွန်ခါး

**9.** နားလုံ

**10.** နောင်မွန်း

**11.** ကွတ်လုံ

**12.** ကွန်းခမ်း

**13.** ပန်ခမ်း

**14.** နောင်ကျွမ်း

**15.** နောင်လွန်း တို့ဖြစ်ကြသည်။



*တရုတ်ပြည်အတွင်းသို့ ထွက်ပြေးတိမ်းရှောင်နေကြသော ရှမ်းရွာသားများ*

ယင်းတိုက်ပွဲဖြစ်သည့် ရက် ည ၈ နာရီ ၂၀ မိနစ် ခန့်တွင် မြန်မာစစ်တပ်များမှ နောင်လွန်း ရွာအတွင်း ဝင်ရောက်ကာ ရွာသားပိုင် ပစ္စည်းဥစ္စာများ အစားသောက်များအား လုယူခဲ့ကြရာ ဆုံးရှုံးသွားသည့် ပစ္စည်းအချို့မှာ အောက်ပါအတိုင်းဖြစ်သည်။

1. စိုင်းအန်း ပိုင်ပစ္စည်းများဖြစ်သည့် ဗီဒီယို ကင်မရာတစ်လုံး နှင့် အဂတ်အစားများ
2. စိုင်းယီမွန်း ပိုင် ကြက် ၃ ကောင်
3. ခင်းဆိုင်ရွက်ဟိန်း ပိုင် ကြက် ၂ ကောင်
4. စိုင်းအိုက်လင်း ထံမှ ဆာလာအိတ်တစ်အိတ်စာ အပြည့် မုန့်များ

၂၀၁၄ ခု ဧပြီလ ၁၁ ရက်နေ့

**ဘုန်းကြီးကျောင်းများ၊ ရွာများအား မော်တာ--များဖြင့်ပစ်ခတ်ခြင်း၊ ရွာသားများအား ထိခိုက် ဒါဏ်ရာရရှိစေခြင်း၊ နှင့် ရွာသားပိုင်ပစ္စည်းဥစ္စာများအား လုယူခြင်း မီးရှို့ဖျက်ဆီးခြင်းများ**

မြန်မာစစ်တပ်များမှ ဆက်လက်ကာမော်တာကျည် (120 mm) ၁၀၀ ကျော်ခန့်ကို ကောင်းလွယ်ဟို ဆေဘုန်းကြီးကျောင်း ရှိရာတောင်ကုန်းသို့ပစ်ခတ်ခဲ့သည်။ ယင်းမော်တာကျည်များမှ နောင်လွန်းရွာအတွင်း သို့ ကျရောက်ထိမှန်ခဲ့ရာ အိမ်တစ်လုံး နှင့် စိုင်းအိုင်သန်း ပိုင်ထရက်ကားကြီး ပျက်ဆီးဆုံးရှုံးသွားသည့်အပြင် ၄င်း၏ အိမ်နီးချင်းပိုင်ဆိုင်သော ဥစ္စာပစ္စည်းအချို့မှာလည်းပျက်ဆီး သွားခဲ့သည်။

ထို့ပြင် နောင်လွန်းမှနေ၍ နောင်ကျောင်းရွာသို့ မြန်မာစစ်တပ်များမှ မော်တာကျည် ၁၀ကျော်ခန့် ပစ်ခတ်ခဲ့ရာ သက်ကြီးအမျိုးသမီးတစ်ဦး ဖြစ်သည့် နိုင်းမောက်ပေးအိုင်အိမ်နှင့် အခြား ပိုင်ဆိုင်ပစ္စည်းများမှာ ပျက်ဆီး သွားခဲ့သည်။ ယင်းမော်တာကျည်မှ အပိုင်းအစများကလည်း အသက် ၃၀ ရှိ စိုင်းစစ်၏ ခြေထောက်အားထိမှန်သဖြင့် စိုင်းစစ်အား တရုတ်ပြည်ဖက်ရှိ ဆေးရုံသို့ ဆေးကုသရန် ပို့ဆောင်ခဲ့ရသည်။

ယင်းတစ်ရက်ထဲ၌ပင် ည ၉ နာရီ ၃၀ ခန့်တွင် မြန်မာစစ်တပ်များမှ မန်နောင်လွန်းရွာနေ စိုင်းလှဂန်း ပိုင်ဆိုင်သော ကြံခင်း အားမီရှို့ဖျက်ဆီးခဲ့ကြသည်။ ထို့ပြင် ယင်းမြန်မာစစ်တပ်သည် နားလုံကျေးရွာမှ ရွာသားပိုင် ပစ္စည်းများ အစား အသောက်နှင့်အရက်များကို လုယူခဲ့ကြရာ ဆုံးရှုံးသွားသည့် ပစ္စည်းအချို့မှာအောက်ပါ ပစ္စည်းများ လည်း ပါဝင်သည်။

1. လွန်းစိုင်းဆမ် ပိုင် ကြက် ၃ ကောင်
2. နိုင်းဆိုင်ဟွာ ပိုင် ကြက် ၁ ကောင်
3. နိုင်းမောက်ခမ်းတင် ပိုင် ကြက် ၁ ကောင်



*ဂမ်နောင်ကျွမ်းရွာမှ ကောက်ယူစုဆောင်းထားသော ပေါက်ကွဲမော်တာကျည် အပိုင်းအစများ*

**၂၀၁၄ ခုနှစ် ဧပြီလ ၁၂ ရက်**

**ဘုန်းကြီးကျောင်းအား လုယက်ခြင်း နှင့် ရွာသားများအား အကြောင်း----မဲ့ ဖမ်းဆီးခြင်း**

မြန်မာစစ်တပ်မှ ကောင်းလွယ်ဟိုဆေ ဘုန်းကြီးကျောင်းသို့ သွားရောက်ကာ ဘုန်းကြီးကျောင်း တံခါးအား ဖျက်ဆီး၍ ဘုန်းကြီး ကျောင်းအတွင်း ဒေသခံပြည်သူလူထုများမှ လှူဒါန်းထားသော သိုလှောင်ထားသည့် အစားအသောက်များ အား လုယူခဲ့ကြသည်။

ပန်ခမ်းရွာမှ သက်ကြီးရွာသားနှစ်ဦးသည် ယင်း ကောင်းလွယ်ဟိုဆေဘုန်းကြီးကျောင်းသို့ ပျက်စီးဆုံး ရှုံးသွား သည်များကို သွားရောက်ကြည့်ရှုစစ်ဆေးပြီးအပြန် ၄င်းတို့နှစ်ဦးမှာ မြန်မာစစ်တပ်များမှ ဖမ်းယူကာ စစ်ဆေးမေး မြန်း မှုများပြုလုပ်ခြင်းကိုခံခဲ့ကြရသည်။

**၂၀၁၄ ခုနှစ် ဧပြီလ ၂၀ မှ၂၉ ရက်နေ့ အတွင်း**

**ဒေသခံရွာသားများ၏ လက်ကိုင်ဖုန်းများအား စစ်သားများ၏ ဓါတ်ပုံများပါမပါစစ်ဆေးမှုများပြုလုပ်**

မြန်မာစစ်တပ်များမှ မူဆယ်မြို့၊ နမ့်ခမ်းမြို့နယ်နှင့် မန်ဂိန်းလုံ အတွင်း စစ်ဆေးရေး ဂိတ်များချထားခဲ့သည်။ ယင်းစစ် ဆေးရေးဂိတ်များမှ လမ်းမပေါ်တွင် ဖြတ်သန်းသွားလာသော ဒေသခံရွာသူရွာသားများ၏ ဖုန်းများအား စစ်သားပုံများ တိုက်ပွဲနှင့်ပက်သက်သော ဓါတ်ပုံများ ပါမပါကို စစ်ဆေးမှုများပြုလုပ်ခဲ့ကြသည်။ အကယ်၍ယင်းသို့ တိုက်ပွဲနှင့် ပက်သက်သည့် ဓါတ်ပုံများ တွေ့ရှိပါက ယင်းဖုန်းအတွင်းမှ ဆင်းကဒ် (sim cards) များအား မြန်မာစစ်သားများမှ သိမ်းယူထားလိုက်ကြသည်။ တစ်ချို့ဖုန်းများမှ ဘက်ထရီများကိုလည်း ဓါတ်ပုံမရိုက်နိုင်ရန် ဖြုတ်ယူထား ခြင်းများ ခံခဲ့ရသည်။

**၂၀၁၄ ဧပြီလ ၂၅ ရက်**

**ရှမ်းရွာသားများအား ကချင်စစ်ပြေးဒုက္ခသည်များကိုမောင်းထုတ်ရန် ဖိအားပေးခြင်း**

မြန်မာစစ်တပ်မှ နမ့်ဟီးရွာ ( ကချင်စစ်ပြေးဒုက္ခသည်စခန်း လဂျက်ယန် တည်ရှိရာနေရာ) မှ ရွာလူကြီးများအား ခေါ်ယူကာ “ ကချင်ဒုက္ခသည်တွေကို ခင်ဗျားတို့ရွာထဲမှာ မနေစေချင်ရင် ကျွန်တော်တို့စစ်တပ်ဆီကို စာရေးပြီး တောင်း ခံလို့ရတယ်။ ခင်ဗျားတို့အဲလိုစာရေးရင် စစ်တပ်ကနေပြီးတော့ ဒုက္ခသည်စခန်းကို မီးရှို့ဖျက်ဆီး ပေးလို့ရတယ်၊ အဲဒါဆို သူတို့နာရီပိုင်း တွင်းမှာဘဲ ပြောင်းသွားကြလိမ့်မယ်” ဟုပြောသည်။ သို့သော်လည်း ယင်း ရှမ်းရွာလူကြီးများမှာ ယင်းသို့ပြုလုပ်ရန်သဘောမတူခဲ့ပေ။

**၂၀၁၄ ဧပြီလ ၂၅**

**တရုတ် ဓါတ်ငွေ့ ပိုက်လိုင်းအနီး ပစ်ခတ်ခြင်းကြောင့် မီးသွေးရောင်းသမား ၄ ယောက်ဒါဏ်ရာရ**

မနက် ၄ နာရီ ၃၀ ခန့်တွင် နမ့်ခမ်းမြို့ အနောက်မြောက်ဖက် ၆ မိုင်အကွာ၊ တရုတ် ဓါတ်ငွေ့ပိုက်လိုင်းနှင် မိုင်ဝက်အကွာ ကွန်းကတ်ရွာအနီးရှိ လွိုင်ဇက် ဒေသအား လူ ၆ ဦးပါသည့် မီးသွေးများတင်ဆောင်လာသော ထရပ်ကားသည် တောထဲမှ နမ့်ခမ်းမြို့သို့သွားရန်ဖြတ်သန်း သွားသည်။ -------- လွိုင်ဇက်သို့ ရောက်သော် ၄င်းတို့ကားအား လမ်းဘေးသို့ရပ်ရန် မြန်မာစစ်သား များမှတားခဲ့သည်။ လမ်ဘေးတွင် ဆိုင်တစ်ဆိုင်ရှိရာ ယင်းဆိုင်အတွင်း အရပ်သား ဂုတ်စုံဂုတ်ဆင် ထားသော မြန်မာစစ်သားများအချို့မှာ လမ်းအား ကင်းစောင့်ရန်နေရာယူထားသည်။

ယင်းသို့ တားရာ ကားအားရပ်ပြီးနောက် အနီးရှိ တောင်ကုန်းပေါ်မှ မြန်မာစစ်သားများ အုပ်စုနောက်တစ်စုမှ ရုတ်တရက် သေနတ်များ မော်တာလက်နက်များဖြင့် ၄င်းတို့ထရက်ကားအား ပစ်ခတ်ခဲ့ရာ၊ ကားပေါ်တွင်ပါလာသော ရွာသား ၄ ယောက်မှာ ဒါဏ်ရာပြင်းထန်စွာ ရရှိခဲ့သဖြင့် နမ့်ခမ်းဆေးရုံးကြီးသို့ပို့ဆောင်ခဲ့ကြသည်။ ယင်းသို့ထိခိုက်ဒါဏ်ရာရခဲ့သူများမှာ

1. မိုင်းဂီးမြို့နယ် မန်လုံကျေးရွာနေ အသက် ၂၀ အရွယ် မိုင်အိုက်ယိန်းဖြစ်ပြီး ၄င်းမှာ ခြေသလုံးတွင် ထိခိုက်ဒါဏ်ရာ ရခဲ့သည်။
2. မိုင်းဂီးမြို့နယ်မှ အသက် ၂၅ နှစ်အရွယ် အိုက်ကွန် မှာ ပေါင်တွင် ထိခိုက်ဒါဏ်ရာရရှိခဲ့သည်။
3. ပိန်းကန်ရွာမှ အသက် ၃၀ အရွယ် စိုင်းအိုက်ကမ်မှာလည်း ပေါင်တွင် ဒါဏ်ရာရရှိခဲ့ပြီး
4. မိုင်းဂီးမြို့နယ်မှ အသက် ၃၅ နှစ်အရွယ် ဦးရောထွန်း မှာ ဦးခေါင်း၊ လည်ဂုတ် နှင့် ခြေထောက်နစ်ဖက်တွင် ပြင်းထန်စွာထိခိုက်ဒါဏ်ရာ ရရှိခဲ့ရာ ၄င်းအား တရုတ်ပြည်အတွင်းရှိ ဆေးရုံသို့အထူးကုသ ရန်ပို့ဆောင်ခဲ့ရသည်။

ထို့အပြင် လမ်းအားစောင့်ကြပ်နေသည့် မြန်မာစစ်သား တစ်ဦးဖြစ်သည့် ကရင်လူမျိုးဖြစ်သူ အသက် ၂၇ နှစ် အောင်ဗိုဗို မှာလည်း ဦးခေါင်းတွင် သေနတ်ဒါဏ်ရာထိမှန်ခဲ့သည်။

**၂၀၁၄ ခု မေလ ၇ ရက်**

**တရုတ် ဓါတ်ငွေ့ပိုက်လိုင်းအား လုံခြုံရေးယူကင်းစောင့်နေသည့် မြန်မာစစ်သားများက -----ရွာသား တဦးကိုလက်ပစ်ဗုံးဖြင့် ပစ် ---**

ညနေခင်း ၂ နာရီ ၃၀ ခန့် အချိန်တွင် အောင်မေတ္တာရွာနှင့် ကွန်လုံ ဒေသ ကြားရှိ တရုတ် ရေနံဓါတ်ငွေ့ပိုက်လိုင်းအား မြန်မာစစ်တပ်များမှ လုံခြုံရေးယူကင်းစောင့်နေကြသည်။ ထိုအချိန်တွင် ယင်းစစ်သားများက ယာခင်းသို့သွားနေသော အောင် မေတ္တာရွာမှ အသက် ၅၂ အရွယ် အောင်ညွှန့်ကို လက်ပစ်ဗုံးဖြင့် ပစ်ရာ ပေါက်ကွဲပြီး ယင်းရွာသားအား ထိမှန်ခဲ့သည်။ အောင်ညွှန့်မှာ ပြင်းထန်စွာဒါဏ်ရာရသဖြင့် ၄င်းအားမူဆယ်ဆေးရုံးသို့ပို့ဆောင်ခဲ့ရသည်။

**၂၀၁၄ ခု မေလ ၉ ရက်**

**ပန်ခမ်းရွာ အနီးမော်တာများဖြင့်းပစ်ခတ်ခဲ့ခြင်းကြောင့် ရွာသားတစ်ဦးထိခိုက်ဒါဏ်ရာရ**

မြန်မာစစ်တပ်မှ မော်တာကျည်နှစ်လုံးနှင့် သေနတ်များဖြင့် ပန်ခမ်းရွာ အနီးပစ်ခတ်ခဲ့ရာ ပန်ခမ်းရွာသား ဖြစ်သူ အသက် ၂၀ ရှိ စိုင်းအိုင်ကွန်း အားထိမှန်ခဲ့သည်။ ဤဖြစ်ရပ်ကြောင့် ဒေသခံပြည်သူများမှာ ရွာအနီးရှိတောများ အတွင်း သို့သွားရောက်ရန်ကြောက်ရွံ့နေကြသည်။

၂၀၁၄ မေလ ၂၉ ရက်

**နမ့်ခမ်းမြို့ အနီး မြန်မာစစ်တပ်မှ -----ပစ်ခတ် သဖြင့်အမျိုးသမီးတစ်ဦး သေဆုံး**

ပြီးခဲ့သည့် မေလ ၂၉ ရက်နေ့တွင် နမ့်ခမ်းမြို့နယ်အနီး စစ်ဆေးရေးဂိတ်အား ဆိုင်ကယ်ဖြင့် ဖြတ်သွားသော လင်မယားနှစ်ဦးအား တပ်မ ၈၈ မှ မြန်မာစစ်သားများ ပစ်ခတ်ခြင်းကြောင့် ဇနီးဖြစ်သူမှာ သေနတ်ဒါဏ်ရာဖြင့် သေဆုံးသွားခဲ့သည်။

ဖြစ်ပျက်ခဲ့သည်မှာ နမ့်ခမ်းမြို့နယ် နမ့်ဇန့်ရွာမှ ခင်ပွန်းသည်ဖြစ်သူ ဦးအားရှင် နှင့် ဇနီးအေးထေး တို့သည် နမ့်ခမ်းသို့ ဆိုင်ကယ်ဖြင့်သွားရာ ကောင်းဂိန်းရွာအဖြတ် မြန်မာစစ်သားများမှ၄င်းတို့အား လက်ပစ်ဗုံးတစ်လုံး နှင့် သေနတ်များ ဖြင့် ၁၀ ချက်ကျော်ပစ်ခတ်ခဲ့ရာ လင်မယားနှစ်ဦးစလုံး ပြင်းထန်စွာ ဒါဏ်ရာရရှိခဲ့သည်။ ထို့နောက်ဇနီးဖြစ်သူ အေးထေးမှာ ပြင်းထန်သည့်ဒါဏ်ရာ များကြောင့် မေလ ၃၀ ရက်နေ့တွင် ကွယ်လွန်သွားခဲ့သည်။



*မေလ ၂၉ ရက်နေ့ တွင် နမ့်ခမ်းမြို့ အနီး ဆိုင်ကယ်စီးလာစဉ် မြန်မာစစ်သားများမှ ပစ်ခတ်သဖြင့် သေနတ်ထိမှန်ကာ သေဆုံးသွားသူ အေးထေး*

၂၀၁၄ ဇွန်လ ၂ ရက်နေ့

**နမ့်ခမ်းမြို့ အရှေ့ဖက်ခြမ်းရှိ တောင်ကုန်းများအတွင်း မော်တာ---များဖြင့်ပစ်ခတ်ခြင်းကြောင့် ရွာသားများ လယ်ယာ စိုက်ပျိုးမှုများပြုလုပ်ရန် -------အနှောက်အယှက်ဖြစ်**

ဇွန်လ ၂ ရက်နေ့ မနက် ၁၁ နာရီခန့်တွင် မြန်မာစစ်တပ်မှ M79 မော်တာဖြင့် ၄ ကြိမ် ခန့် နမ့်ခမ်းမြို့အရှေ့ဖက် ၂ မိုင်ခန့်ရှိ တောင်ကုန်းများပေါ်သို့ ပစ်ခတ်ခဲ့ရာ၊ ယင်းတောင်ကုန်းတစ်ပိုက် သစ်တောများအတွင်း ထင်းခွေရန် နှင့် ၄င်းသို့ ခြံများယာများသို့ သွားရန် ကြောက်ရွံ့ နေကြသည်။

ယင်းတစ်ရက်ထဲ၌ပင် နမ့်ခမ်းနှင့် မိုင်းဂီးမြို့ကြားရှိ တရုတ် ဓါတ်ငွေ့ပိုက်လိုင်းကို လုံခြုံရေးယူရန် မြန်မာစစ်သား ၇၀-၈၀ ခန့်အားတင်ဆောင်သည့် စစ်ထရပ်ကား ၃ စီးမှာ နမ့်ခမ်းမြို့ မှထွက်ခွာသွားသည်။

**ဧပြီလ တိုက်ပွဲနှင့် ပက်သက်ပြီး ရွာသားများအမြင် ( ၂၀၁၄ မေလ အတွင်းမေးမြန်းခဲ့သည်)**

နားဟီးရွာမှ ရွာသားတစ်ဦးမှ " မြန်မာအာဏာပိုင်တွေကပြောတယ် သူတို့ဒီဒေသထဲမှာ သန်းခေါင် စားရင်းကောက်မယ်၊ ဒါပေမဲ့ KIA ကခွင့်မပြုဘူး။ အဲဒီနောက် မြန်မာစစ်တပ် တပ်မ ၈၈ က တပ်ရင်းမှူးကနေပြီးတော့ ကျွန်တော်တို့ကို ပန်ခမ်းမှာ ရှိတဲ့ KIA တပ်ရင်းမှူး ဆီကိုပို့ ဖို့စာပေးတယ်။ စာထဲမှာ တစ်ကယ်လို့ KIO/KIA ကနေပြီးတော့ ဒီဒေသအတွင်းမှာ သန်းခေါင်စားရင်းကောက် တဲ့အဖွဲ့ကို ပေးမဝင်ဘူး ဆိုလို့ရှိရင် သူတို့အနေနဲ့ စစ်တပ်က လုံခြုံရေး နဲ့ဘယ်လိုနည်းဖြင့်မဆို ဝင်မှာဖြစ်တယ်လို့ပြောထားတယ်။ ကျွန်တော်တို့လဲ KIA ဆီကို အဲဒီစာယူ သွားပေးပြီး KIAကနေ ပြီးတော့ အထက်နဲ့ ဆွေးနွေးမယ်လို့ပြောတယ်။ အဲဒီနောက် KIA ကနေပြီးတော့မှ မြန်မာစစ်တပ် တပ်ရင်းမှူးဆီပြန်ပြောတယ်၊ KIA အနေနဲ့ သန်းခေါင်စားရင်းကောက် တာကို ခွင့်ပြုတယ် ဒါပေမဲ့ သူတို့(KIA) ထိန်းချုပ် နယ်မြေထဲမှာမဟုတ်ဘူး။ ပြီးတော့သန်းခေါင်စားရင်းကို မန်ဂိန်းမြို့ ( မြန်မာစစ်တပ်ထိန်းချုပ်ရာနေရာ) ထဲမှာဘဲပြုလုပ်ရမယ်လို့ပြောတယ်။ ကျွန်တော်တို့ ထင်တာ ကတော့ တိုက်ပွဲဖြစ်တာက မြန်မာစစ်တပ်ကနေပြီးတော့ ဒီနေရာဒေသကို အကျိုးစီးပွား အတွက် ထိန်းချုပ်ချင်တာဖြစ်တယ်။ အခုဆိုရင် (ကချင်ပြည်နယ် ပန်ခမ်း မှ) တရုတ်ပြည်နယ်စပ် ဖက်ပိုင်းမှာ အဝေးပြေးလမ်းမကြီးလဲ ဆောက်နေတယ်" ဟုပြောသည်။

ပန်ခမ်းမှ ရွာသားတစ်ဦးပြောကြားချက်အရ မြန်မာစစ်တပ်များသည် ပန်ခမ်းအတွင်း နေထိုင်သည့် ဒေသခံများအား ပြည်သူ့စစ်ဖွဲ့ရန်အားပေးလျှက်ရှိရာ ယခုအချိန်အထိ ဒေသခံများမှာ လက်မခံ သေးကြောင်းပြောသည်။



*ပန်ခမ်း နယ်စပ်ဒေသကို မြန်မာစစ်တပ်မှ ထိန်းချုပ်ခဲ့ပြီးနောက် မြန်မာပြည်မှ တရုတ်ပြည်အတွင်း သို့ပြန်လည်တင်သွင်းသည့် သစ်များ*